mgyoe.com

SAMPLE BOOK

မေငြိမ်း

# ရွှေအိုရောင်အုတ်ကွက်တွေထဲမှာ ဒဏ်ရာတစ်ပိုင်းတစ်စ ရှိတယ်



2019.GRAPHIC DESIGN : KYAW MINN MOUNG

mgyoe.com

mgyoe.com
SAMPLE BOOK

မေငြိမ်း

ရွှေအိုရောင်အုတ်ကွက်တွေထဲမှာ
ဒဏ်ရာတစ်ပိုင်းတစ်စ ရှိတယ်

K0369


mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကုံကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဇွန်လ၊ ၂၀၁၉ ခုနှစ်၊ ကုံကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၅၀၀
မျက်နှာဖုံးပုံနှိပ်နှင့် - စွယ်တော် ပုံနှိပ်တိုက် (၀၀၄၁၁)
အတွင်းပုံနှိပ် အမှတ် (၁၄၇)၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - ကျော်မင်းမောင်
တန်ဖိုး - ၂၀၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK



မေငြိမ်း

# ရွှေဘို့ကျောင်း အုတ်ဂွတ်တွေကြားမှာ
# အတိတ်ရာတစ်ပိုင်းတစ်စ ရှိတယ်

mgyoe.com

mgyoe.com SAMPLE BOOK

- သူငယ်ချင်း မခင်ပျို့နဲ့ လွမ်းသမျှ စာဖွဲ့ရင်
- လက်ဖက်ရည်ကို ချစ်ခြင်းနဲ့ သောက်ရင်
- ရွှေအိုရောင်အုတ်ကွက်တွေထဲမှာ ဒဏ္ဍာရီ တစ်ပိုင်းတစ်စ ရှိတယ်
- မှောင်ချိန်မတန်ခင် ဆုတောင်း
- ချစ်ရသူတွေကို လွမ်းမောခဲ့ရသော တက္ကသိုလ်နွေညများ
- မိုးရေ
- စိတ်ကူးယဉ်ကြရအောင်လား ဂျွန်ရေ
- အရင်အတိုင်းပဲလား... ရန်ကုန်
- ချစ်ခြင်း ဒီဇင်ဘာ
- နွေဦးရာသီ အလွမ်းစာ
- နလုံးသားနဲ့ ကြားတဲ့အခါ
- မျှော်လင့်ခြင်းတေး

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

## သူငယ်ချင်း မခင်ပျိုနဲ့ လွမ်းသမျှ စာဖွဲ့ရင်

ကိုယ့်တိုင်းပြည် ပြန်ရောက်ရောက်ချင်း၊ ကိုယ့်မွေးဇာတိမြေကို နင်းနင်းချင်း ညီမက ဘယ်ကို အရင်ဆုံး သွားမလဲ မေးတော့ ချက်ချင်း ပြန်ဖြေမိတာ… ကျောင်းထဲ။

ကျောင်းထဲလို့ ပြောလိုက်ရင် ကျွန်မတို့သက်တမ်းမှာ အားလုံး ချက်ချင်းသိတာက ရန်ကုန်တက္ကသိုလ်ထဲ ဆိုတာပါပဲ။ တကယ်တော့ ကျွန်မတည်းမယ့် ညီမအိမ်က ၆ မိုင်၊ အင်းလျားကန်ရှေ့မှာပဲမို့ ကျောင်းထဲဟာ အင်မတန် အဆင်ပြေပြေ ရောက်လွယ်မယ့် နေရာပါ။ ညီမက ပြောတယ်။ အရင်နဲ့တော့ အတော် မတူတော့ဘူးနော်တဲ့။ ဘယ်လောက်မတူပါစေ မျက်စိမှိတ်သွားရင်တောင် လမ်းမမှားနိုင်တဲ့

mgyoe.com

ကိုယ့်အိမ်ကိုယ့်ရာပဲဟာ…။ ၆ မိုင် ဓမ္မာရုံလမ်းထိပ်နားဆီက စတဲ့ အင်းလျားကန်ပေါင်ရိုးအဆုံးကနေ ကန်ပေါင်အတိုင်း လျှောက်၊ အီကိုနောက်ပေါက်ကနေ ကျောင်းထဲဝင်… အီကို စားသောက်တန်းကို ဖြတ်… ပြီးတော့ ဂျပ်စင်ဘေးကနေ ရွှေဘိုဆောင်တွေ၊ ဒဂုံဆောင်တွေကို ရှေ့ကနေဖြတ်ပြီး တောင်ငူဆောင် စားသောက်တန်းဆီကို သွားမှာပေါ့။

◆

ကျွန်မတို့ကျောင်းမှာ ရှိနေချိန်တုန်းက မေလရဲ့ နွေမနက်ခင်းဟာ ကျောင်းဝင်းနားမှာတော့ သိပ်ပြင်းပြင်းပြပြ မပူဘူးလို့ ထင်ပါတယ်။ ပြီးတော့ အင်းလျားရဲ့ လေကလည်း ခုလောက် မငြိမ်ဆိမ်ဘူးလားလို့။

အင်းလျားရေပြင်ကို ငေးမိငေးရာငေးရင်း ကျွန်မ မျှည်ရည်လည်လာတယ်။ အင်းလျားကန်ရေဟာ မစိမ်းတော့၊ မပြာတော့၊ ဘာမှန်းမသိတဲ့ အမြှုပ်တွေ ထ,လို့။ ပြီးတော့ အမှိုက်တွေ၊ ပလတ်စတစ်စတွေ၊ ဘူးခွံတွေ…။ မနက် ၁၀ နာရီ အပူအောက်မှာ အင်းလျားကန်ပေါင်ပေါ်က ခုံတန်းလေးတွေပေါ် စုံတွဲလေးတွေ တချို့…။ ဒါ အင်းလျားရဲ့ သဘာဝပေပဲ။ ဒီကန်ပေါင်ပေါ် ရည်းစားနဲ့ သွားဖူးလား အန်တီ… လို့များ တစ်ယောက်ယောက်က မေးလာရင်လို့ တွေးမိတော့ ကျွန်မ တစ်ယောက်တည်း ပြုံးလိုက်မိလေသလား…။

 mgyoe.com SAMPLE BOOK 

အီကို တစ်နှစ်တာ တာဝန်ကျခဲ့ဖူးတဲ့ ကျောင်း၊ မြန်မာစာ ဌာနရှိခဲ့ရာ စင်္ကြံလမ်းဘက် လှမ်းကြည့်မိသေးတယ်။ ဌာန အဲဒီ နေရာမှာပဲ ရှိနေသေးလား၊ အဲဒီကိုတော့ သိပ်မလွမ်းချင်လှပါ။ ကိုယ် တာဝန်ကျတဲ့ တစ်နှစ်က ၁၉၈၉ ကျောင်းရက်ရှည် ပိတ်ထားတာမို့ စာသင်ချိန်တွေမှ မကြုံခဲ့ရတာ။ အီကိုနဲ့ပတ်သက်ရင် အတူတူလုပ်ခဲ့ ရတဲ့ ညီအစ်မတွေကိုပဲ လွမ်းပါတယ်။

အီကို စားသောက်တန်းမှာ ဒေါ်ချို့ကို တွေ့ချင်တာ။ ဒေါ်ချို က ကျွန်မကို မြင်ရင် မှတ်မိ  မှာလား…။ အရင်လို ပဲငါးပိများများ၊ ပဲပင်ပေါက် များများနဲ့ မြီးရှည် စားချင်သေးတယ်။ ဒါပေမဲ့ ဒေါ်ချို ရှိမနေဘူး။ ဒေါ်ချို ရှိသေး လားလို့ တစ်ယောက်ယောက်ကို မေးနိုင်ပေမယ့် မမေးချင်ဘူး။ တစ်ခုခု ကြားရ သိရမှာစိုးတယ်။ အီကိုကင်တင်းကနေ မာလာ ကင်တင်းဘက် ကို ထွက်မယ် လုပ်တော့ အဲဒီမှာ စပြီး စိတ်ကသိ ကအောက် ကြုံရတာ။ မာလာကင်တင်းဘက် ကနေ ဂျပ်စင်ဘက် ထွက်တဲ့ လမ်းမြောင်လေး နေရာမှာ သွပ်ပြား တွေနဲ့ လမ်းပိတ်ထားသည် တဲ့။ အကျည်းတန်လှ တဲ့ မြင်ကွင်းပဲ။ မတတ်နိုင် ဘူး။ ဝိဇ္ဇာခန်းမဘက် ထွက်မှာပေါ့။ အဲဒီကနေ ဝိဇ္ဇာဆောင် ပေါင်းမိုး လေးအောက်က စင်္ကြံလမ်း လေးအတိုင်း ဂျပ်စင်ဘက် သွားမှာပေါ့။

mgyoe.com

SAMPLE EBOOK

ဒါပေမဲ့ အဲဒီစိတ်ကူးလည်း အကောင်အထည် မပေါ်ပါ။ ဘေးနှစ်ဖက်မှာ ကာရံထားတဲ့ သံပန်းကွက်တွေက ကျွန်မရဲ့လမ်းတွေကို တားထားကြပါတယ်။ စကြံလမ်းဆုံးရာ ရွှေဘိုဆောင်ကျမှ အဓိပတိလမ်းဘက် ထွက်ရပါမယ်တဲ့။ ဒါဖြင့် ရွှေဘိုနဲ့ ဒဂုံဆောင်တွေရဲ့ နောက်က ကျွန်မ နာမည်ပေးထားတဲ့ မိုးပိတောက်လမ်းလေးကိုပဲ ရွေးတော့မယ်ကွာ… အဲဒီကနေ တောင်ငူဆောင်ဆီ။

◆

ရွှေဘိုဆောင်နောက် လမ်းသွယ်လေးမှာတောင် နေအရိပ် မရှိတော့။ နာဂစ်တုန်းက ပြိုလဲသွားတဲ့ သစ်ပင်တွေထဲ ဒီလမ်းကလေးပေါ်က အနန်းပင်တွေ၊ မိုးပိတောက်ပင်တွေ ပါသွားတယ် ထင်ပါရဲ့။ ရွှေဘိုဆောင်ရဲ့ ထမင်းစားဆောင်ကို အလွန်မှာတော့ ပိတ်ထားတဲ့ ဂိတ်တံခါးတစ်ခုက ဆီးကြိုနေတယ်။ ဒဂုံဆောင်က အမျိုးသမီးဆောင် ဖြစ်သွားလို့ လုံခြုံရေးစည်းကမ်းအဖြစ် ဝင်းကို ပိတ်ထားရတာပါတဲ့။ ဆရာမကိုတော့ ပေးဖြတ်ပါတယ်… သွားပါတဲ့။ ဒီအဝန်းအဝိုင်းလေးမှာ အခေါ်ခံရတဲ့ ဆရာမ ဆိုတာလေးကတော့ စိတ်ကို ခုထိ လှုပ်ခတ်စေတုန်းပါပဲ။ ဒဂုံဆောင်နောက်ကနေ ဂိတ်တံခါးလေး နှစ်ခုကို ဖြတ်… ဟော… တောင်ငူကင်တင်း၊ တောင်ငူဆောင်…။

အရင်လို မြင်ကွင်းရှင်းရှင်းနဲ့ တောင်ငူဆောင်ကို မတွေ့တော့။ ပိတ်ဖျင်အမိုးတွေ၊ ထီးရွက်ကြီးတွေ၊ ကားတွေ အပြည့်အကျပ်ရပ်ထားတာ။ သစ်ပင်တွေအောက်မှာ စားပွဲတွေ မထားတော့။

mgyue.com

 mgyoe.com SAMPLE BOOK 

အားလုံးက အမိုးအကာအောက်မှာ မှောင်မှောင်ကုပ်ကုပ်။ တောင်ပိန္နဲပင်တွေအောက်မှာ ဘာစားပွဲမှ မရှိတော့တာဟာ ထိုင်နေကျသူတွေ မရှိကြတော့လို့လား။ ဟင်… ဒါဖြင့် အရှည်ကြီးဆိုင်ကော။ ဘာမှ မရှိကြတော့ပြီ…။

အဲဒီအပင်တွေအောက်က စားပွဲတွေမှာ လွန်ခဲ့တဲ့ နှစ် ၃၀ လောက်က မနက်တိုင်း ထိုင်တတ်တဲ့ ဆရာနှစ်ယောက်နဲ့ တပည့်မ တစ်ယောက်ကို ဒီအပင်ကြီးတွေ အမှတ်မရဘူးလို့ ပြောနိုင်လား…။

♦

ဆရာနှစ်ယောက်မှာ တစ်ယောက်က မော်ဒန်စာပေ သီအိုရီတွေကို ပိုင်ပိုင်နိုင်နိုင် ရေးနေ၊ ပြောဟောနေတဲ့အပြင် သူကိုယ်တိုင်က အလေးစားခံ မော်ဒန်စာရေးဆရာကြီး။ တစ်ယောက်ကတော့ ကဗျာဆရာကြီး…။ သူငယ်ချင်း… မင်း သူ့ကိုကြည့် ဆိုပြီး လောက အကြောင်း အကောင်းအဆိုးကို ထိထိမိမိ ပြောပြ ဖွဲ့ဆိုနေတဲ့ ကဗျာဆရာကြီး။ ဆရာကြီးနှစ်ယောက်နားမှာတော့ ဆရာနှစ်ယောက် ပြောသမျှ ကလေးလို နားထောင်ပြီး ရယ်လိုက် မောလိုက်… တစ်ခါတလေ စိတ်တိုလိုက်…။

"ငါ မပြောချင်လို့နော် ဇော်မြင့်…၊ တော်တော် ကြောင်တဲ့ဟာတွေကွာ"

"ဟာ… ဘာအရေးကြီးလဲကွာ"

mgyoe.com

SAMPLE BOOK

''ဆရာက ပြောလိုက်ရင် အရေးမကြီးဘူးပဲ၊ သမီးကတော့ စိတ်တိုပါတယ်''

''အေးလေ… ပြောလိုက်စမ်း မေငြိမ်း''

''ဟုတ်ဘူးလေ… ငါပြောတာက ကဗျာရေးလိုက်ပေါ့… ပြီးတာပဲ အဲလို…''

အဲဒီဆရာနှစ်ယောက်နဲ့ တပည့်မတစ်ယောက်နဲ့အတူ တစ်ခါတလေ ဗိုလ်တိုး (အောင်ကျော်တိုး-စိတ်ပညာ) ရှိတယ်။ တချို့ ဆရာကြီး၊ ဆရာမကြီးတွေ ရှိမယ်၊ တချို့ တပည့်ကြီးတွေ ရှိမယ်။ အဲလိုအခါတွေမှာတော့ စကားဝိုင်းက အတည်အခန့်တွေ ကြားရမယ်။ ဆရာနှစ်ယောက်နဲ့ တပည့်မတစ်ယောက်ပဲ ရှိမယ့် မနက်ခင်းတွေ ဆိုရင်တော့ တပည့်မက ဘာသာဗေဒနဲ့ သဒ္ဒဗေဒ ဘာသာတွေမှာ ညံ့တဲ့ကိစ္စကို မကျေမနပ်နဲ့ ဘာသာဗေဒဆရာဖြစ်တဲ့ သူငယ်ချင်း ကဗျာဆရာကြီးက ပွစိပွစိနဲ့ ပြောမယ်။ အဲဒီအခါ မော်ဒန်ကဗျာဆရာ စာရေးဆရာကြီးက စာရေးဆရာကို ကဗျာဆရာမ ဘာသာဗေဒပညာ စိတ်မဝင်စားလည်း အရေးမကြီးဘူးကွာလို့ မထိတထိ စမယ်။

သူငယ်ချင်း ကဗျာဆရာကြီးက တကယ်တော့ စကား ဖွယ်ဖွယ်ရာရာ မပြောလှပါဘူး။ တစ်ခါတလေ မြတ်လေးရဲ့ သီချင်း တချို့ကို တစ်ပိုင်းတစ်စ ညည်းတတ်တာမျိုးတော့ ရှိပါရဲ့။ စကားပြော ရင်လည်း သူတို့ ခေတ်ပြိုင် သူငယ်ချင်း စာရေးဆရာ၊ ကဗျာဆရာ တွေရဲ့ ရှေးဟောင်းနှောင်းဖြစ် အကြောင်းတွေသာ ပြောတတ်ပြီး ရယ်ကြ မောကြရတာပဲ။ သူငယ်ချင်း ကဗျာဆရာကြီးက လူတွေကို

mgyee.com

နာမည်ပြောင်းပေးရာမှာလည်း အလွန်ထိမိလေတော့ သူပေးတဲ့ နာမည်ပြောင်တွေနဲ့ သူတို့ရဲ့ သူငယ်ချင်းတွေဟာ သူပြောတဲ့ ဟာသ တွေထဲ အမြဲသက်ဝင်နေတတ်တာ။

"ဆရာ သရော်စာပါ ရေးသင့်တာဗျ" လို့ ကျွန်မက ပြောရင်တော့...

"တော်စမ်းပါ... ပျင်းစရာကြီး"

လို့ တုံ့ပြန်တတ်တာပါ။

မော်ဒန်စာရေးဆရာကြီးကတော့ -

"ဒီလိုမနက်ခင်းမျိုးကမှ ထီးဆိုင်ရဲ့ လိမ္မော်ချိုနဲ့ သီချင်းနဲ့ လိုက်တာ"

"ဒီလ နိုင်ဇော်နဲ့ ဂျူး ဖတ်ပြီးပြီလား..."

"အဲဒီဝတ္ထုတွေအကြောင်း ဒီနေ့ Lecture မှာ ပြောမယ်"

"ည အိပ်မပျော်တဲ့အခါ မောင့်လပြည့်ဝန်းကိုပဲ တစ်ညလုံး အပြန်ပြန် နားထောင်တာ၊ ချစ်၍ စွန့်သွားတဲ့ မင်းကို... စွန့်၍ ချစ်သွားမယ်လေ... ဆိုတာ ရဖို့ အင်မတန်ခက်တဲ့ အတွေး"

ဆိုပြီး စုတ်သပ်တဲ့ အဘိုးကြီးက နေ့အိပ်မက် အလွမ်းတွေထဲ လည်း မျောလွင့်နေတတ်သေးတာ။ ယုဇန မခင်ပျိုအကြောင်း ကျွန်မက တခုတ်တရပြောရင် သူက ရှက်နေတတ်သေးတာ။

"မင်းတို့ ဆရာတပည့်နှစ်ယောက်ကတော့ လိုက်တယ်... မော်ဒန်နဲ့ အချစ်နဲ့၊ ဆရာကလည်း အလံနီသာ ပြောတာ၊ အချစ်ကျ တော့လည်း နီပါသဗျာ...၊ တပည့်မကလည်း ဘဝထဲ ပင်ပန်းတယ်... ပင်ပန်းတယ်နဲ့ ရေးတော့လည်း အချစ်မှ အချစ်... ဟား ဟား ဟား"

mgyoe.com

mgyoe.com SAMPLE BOOK


"အမယ်… ဆရာကော ငယ်ငယ်က အချစ်ကဗျာ မရေးဘူးလား… ပြော"

"ဒီလောက်ကြီး မရေးပါဘူး၊ ဟာ… တစ်ခါမှကို သေသေချာချာ မရေးပေါင်ဗျာ"

"အာ… မေငြိမ်းကလည်း မေးနေသေးတယ်၊ သူ ဘယ်လို အချစ်ကဗျာ ရေးမလဲ… အချစ်မှ မရှိတာ"

"လာပြန်ပြီ ငါ့ချီး…"

ပြီးတော့လည်း ရယ်ကြရ။

တစ်ခါတလေတော့ ဘဝအမောတွေထဲ ကျွန်မက ညည်းမိတယ်။ အဲဒီအခါ ကဗျာဆရာကြီးက -

"နင်ကလည်းဟာ… ညည်းလိုက်တာ ခိုလိုပဲ၊ မညည်းစမ်းပါနဲ့။ ညည်းလို့လည်း ထူးလာတာမှ မဟုတ်တာ"

"သြော်ကွာ… ညည်းလိုက်ရတော့လည်း ထွက်ပေါက်ပေါ့၊ ဒါပေမဲ့ မေငြိမ်းရ…၊ အနုပညာသမားဟာ သူများထက်ပိုပြီး ထွက်ပေါက်ရှိတယ်ဟ၊ စာတွေဖတ်စမ်း၊ နိုင်ငံတကာစာတွေ ဖတ်နိုင်အောင် လုပ်စမ်း…"



mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်မကတော့ ဘဝထဲ လက်ပစ်ကူးရင်း မော်ဒန်ဆရာကြီး ပြောတဲ့ နိုင်ငံတကာစာတွေ ခုထိလည်း စေ့စေ့ငုငု မဖတ်ဖြစ်သေး။

တစ်ခါတလေတော့ သူတို့နှစ်ယောက်ရဲ့ စကားဝိုင်းက လေးလေးလံလံ ရှိတတ်··· ဒါပေမဲ့ ခဏလေးပါပဲ။ အမြဲတမ်းကတော့ ချစ်စရာကောင်းတဲ့၊ ပျော်စရာကောင်းတဲ့ စကားဝိုင်းတွေပဲ။ ကျွန်မကိုဆို သူတို့က သားသမီးလို ရင်းနှီးလေတော့ သူတို့ပြောနေကျ စကားတွေ လွတ်လွတ်လပ်လပ် ပြောကြတာ။ ကျွန်မက ဒါတော့ စာထဲ ထည့်ရေးလိုက်မှာလို့ ပြောရင် မော်ဒန်အဘိုးကြီးက ကြည့်လုပ်နော်···တဲ့။ တကယ် ကျွန်မ ရေးပြီးပြရင် နှစ်ယောက်စလုံး တဟဲဟဲနဲ့ ပြုံးစေ့စေ့ ရယ်ကြတာ။

♦

အဲဒီရယ်သံတွေ··· အဲလိုမျိုးရယ်သံတွေ··· ဘယ်တော့မှ ပြန်မရနိုင်တော့။ ဒါပေမဲ့ အငွေ့အသက်လောက်တောင် ပြန်မရနိုင်ဘူးလား။ ဥပမာ– အရင်လို တောင်ပိန္နဲပင်အောက်မှာ သစ်သားစားပွဲဟောင်းလေးတွေနဲ့ ထိုင်ခုံ နဲ့နဲ့လေးတွေ၊ ဒန်ရောင်ရေနွေးကရားနဲ့ လက်ဖက်ရည်ခွက် အပဲ့အရွဲ့လေးတွေ။ အချိန်မရွေး ဝုန်းခနဲ ပြုတ်ကျလာတတ်တဲ့ တောင်ပိန္နဲသီးတွေ။ အရှည်ကြီးဆိုင်က ကိုတင်အောင်လေး တံမြက်စည်း လှည်းထားတဲ့ကြားက တဖွဲဖွဲကျထားတဲ့ တောင်ပိန္နဲရွက်ကြွေတွေ၊ ဟိုဘက်ဝိုင်း ဒီဘက်ဝိုင်း ရယ်သံတွေ၊ ငြင်းခုံသံတွေ

mgyoe.com SAMPLE BOOK


လွင့်ပျံ့လာတဲ့အခါ လှည့်ကြည့်ကြရင်း အချင်းချင်း ရယ်မောကြရတဲ့ ချစ်စရာ စကားဝိုင်းတွေ…။ ဘာမှ ရှာမတွေ့တော့။ ဒါ ကျွန်မ ထားခဲ့တဲ့ တောင်ငူကင်တင်း မဟုတ်…။

ကျွန်မ ပြန်လာတာ…။ ကျွန်မ အဝေးမှာ ကြာခဲ့တာ ၁၀ နှစ်ကျော်လေးပါ။ ဒါပေမဲ့ ပျောက်ရှခဲ့တာ နှစ်ပေါင်းများစွာ… ဘဝများစွာ…။

ဘယ်သူ့ကိုမှ လက်လှမ်းမှ မမီနိုင်တော့တာ ကြေကွဲစရာ အကောင်းဆုံး။

သိလား ဆရာ… ဆရာတို့ကို လွမ်းရတဲ့ အလွမ်းမှာ သမီးဟာ ဆရာတို့အနားက အမြဲတမ်း တပည့်မ… ပါ။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

## လက်ဖက်ရည်ကို ချစ်ခြင်းနဲ့ သောက်ရင်

မညီမညာ ပလက်ဖောင်းတွေက မပြောင်းသေး။ အုတ်ခုံလေးပေါ်မှာ ကွမ်းယာဆိုင်နဲ့ မလှမ်းမကမ်းက လက်ဖက်ရည်ဆိုင်လေး ရှိနေသေးလား။ လမ်းထိပ်နေရာကနေ လှမ်းကြည့်တော့ မြင်နေကျ နေရာလေးမှာ ရေနွေးငွေ့တွေ တလူလူလွင့်နေတဲ့ ရေနွေးအိုး မည်းမည်းကြီးကို လှမ်းမြင်တယ်။ အဲဒါ ကျွန်မတို့ရဲ့ လက်ဖက်ရည်ဆိုင်လေးပဲလား…။

အဲဒီအနားထိ ရောက်အောင် သွားကြည့်ရင်ကော ကျွန်မက သေသေချာချာ သိမှာလား။ သိတော့ကော ကျွန်မက အဲဒီခုံလေးတွေမှာ ဝင်ထိုင်မှာလား။ ထိုင်ပြီး ဘာလုပ်မှာလဲ။ လက်ဖက်ရည်တစ်ခွက်မှာသောက်မှာလား။ ကျွန်မက လက်ဖက်ရည် သောက်ချင်တာလား။

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်မက ဒီဆိုင်လေးမှာ ထိုင်ခဲ့သမျှ လက်ဖက်ရည် သောက်ဖို့လား… ဟုတ်ရဲ့လား။ တကယ် ပြန်တွေးတော့ ကျွန်မ ထိုင်ခဲ့သမျှ ချစ်ခင်သော သူတွေနဲ့ လက်ဖက်ရည် အတူတူ သောက်ဖို့အတွက်သာ။ ဒီ ပေပေရေရေ ငေးမောစရာ ဘာမှ မရှိတဲ့ မညီမညာ လမ်းဘေး ပလက်ဖောင်းက စားပွဲဝိုင်းလေးတွေမှာကို သူတို့တွေ ရှိနေတတ်လို့သာ၊ သူတို့တွေကြောင့်သာ ကျွန်မ ရွေးချယ်ခဲ့ဖူးတာ မဟုတ်လား။ ဒါဖြင့် ခု သူတို့ ရှိမနေတာ သေချာတဲ့ ဒီဆိုင်လေးမှာ ကျွန်မက ဘယ်လို ရင်ဆိုင်မှုမျိုးနဲ့ ထိုင်မှာလဲ…၊ ဘယ်သူ့ကို ကျွန်မက စောင့်မျှော်ရမှာလဲ…။

◆

စနေညနေတွေမှာ အဲဒီလမ်းလေးဘက်လာရင် ခုံပုလေးတွေပေါ် ထိုင်နေတဲ့ မျက်နှာသိတွေကို တွေ့မယ်။ လက်ဖက်ရည်ခွက် သေးသေးလေးတွေ၊ ရေနွေးကြမ်းအိုးနဲ့ ညိုညိုညစ်ညစ် ခွက်ကလေးတွေ။ လက်ဖက်ရည် များများသောက်တိုင်း ရင်တုန်တတ်တဲ့ ကျွန်မအတွက်တော့ ခွက်သေးတာကပဲ ကောင်းသေး။ ဒီဆိုင်လေး ထိုင်တာက လက်ဖက်ရည်ထက် ချစ်ခြင်းတွေကို သောက်ဖို့သာ…။ ခဏကြာရင် သူတို့တွေ ရောက်လာကြမှာ။ တစ်ယောက် မဟုတ် တစ်ယောက်။ ရောက်ချင်မှလည်း ရောက်လာကြလိမ့်မယ်။ ဒါပေမဲ့ ဒီနေရာလေးဟာ ကျွန်မတို့တွေ တစ်ယောက်နဲ့တစ်ယောက် ဆုံကြဖို့ အတတ်နိုင်ဆုံး လာစုကြတဲ့ နေရာလေးပဲ…။

mgyoe.com

mgyoe.com
SAMPLE BOOK


၁၉၉၀ နှစ်များ…။ အောင်ကျော်ဆန်း (မန္တလေး)၊ အရိုင်း၊ ဒါရိုက်တာ ချိုတူးဇော်၊ မင်းထက်မောင်၊ အောင်ဝေး၊ ကိုဂျေ၊ ကိုမျိုးမြတ်သူ၊ မောင်သစ်ဆင်း၊ ပန်းချီသန်းမြင့်အောင်၊ လင်းတည်ဦး၊ နိုင်သစ်နီ၊ ရဲနိုင်မိုး၊ ဗဒွေးကြည်၊ တီတူး၊ သစ်ကောင်းအိမ်၊ လူအိမ်၊ သိမ်းတင်သား၊ အောင်ဘညို၊ မိုးဝေး၊ မောင်ရန်ပိုင်၊ မောင်ဒီ၊ ကိုဟိန်းလတ်၊ ရွှေမြို့င် မင်းသိုက်မွန်၊ ပန်းချီ ကိုကိုနိုင်၊ တစ်ခါတလေ ကေအေတီ၊ မျိုးဆွေငြိမ်း၊ ဝေမှူးသွင်၊ မိုချော့၊ မေငြိမ်း၊ ခက်မာ၊ မင်းခိုက်စိုးစန်၊ တစ်ခါတလေ မဆွေး၊ ရာသက်ပန်၊ အစ်မ သန်းမြင့်အောင်၊ ကဗျာဆရာမမြတ်၊ သွေး (စစ်ကိုင်း)၊ မအိ၊ တစ်ခါတလေ စာရေးဆရာ ဒါရိုက်တာ မောင်ဝဏ္ဏ၊ ဆရာချစ်ဦးညို။ အဲဒီဆိုင်လေးဆီမှာ လာကြုံဆုံတတ်ကြ။ စကားတွေ ဟိုရောက် ဒီရောက် ပြောကြ၊ စကြ၊ နောက်ကြ…။

တစ်ခါတလေလည်း ငြင်းကြမယ်။ ဒါပေမဲ့ အပြန်အလှန် ချစ်ခဲ့ကြတာ များပါတယ်။ ဖြူဖြူစင်စင်နဲ့ အတူတူ ဆင်းရဲခဲ့ကြတဲ့ အချိန်တွေ။ ခုချိန်မျိုးမှာတော့ လက်ဖက်ရည်ဖိုးတောင် ချင့်ချိန် သုံးခဲ့ကြရတဲ့ အဲဒီတုန်းက ဘဝက ပိုလွမ်းစရာ ကောင်းနေ။ မှတ်မိတာက ကိုအောင်ကျော်ဆန်းကို တွေ့ရင် ကျွန်မ အတော်ပျော်ခဲ့ရတာ ကိုပါပဲ။ အဲဒီအချိန် ၁၉၉၀ နှစ်ဦးပိုင်းကာလတွေမှာ ကျွန်မက မဟာဝိဇ္ဇာတွဲ့အတွက် ဂီတစာဆို မြို့မငြိမ်းရဲ့ သီချင်းတွေကို လေ့လာကျမ်းပြုနေတဲ့ အချိန်။ တစ်ကြိမ်မှာ ကျွန်မက မြို့မငြိမ်းကို ကျမ်းပြုနေကြောင်း စကားဝိုင်းမှာ ပြောမိတုန်း ကိုအောင်ကျော်ဆန်းရယ်

mgyoe.com

m.gyoe.com SAMPLE BOOK

မြို့မငြိမ်းရဲ့ ရှားပါးသီချင်းတွေအကြောင်း ကျွန်မကို ပြောပြတာ ကျွန်မ ပါးစပ်အဟောင်းသားနဲ့ ငေးနေရပါရော။ တချို့သီချင်းတွေက ကျွန်မ ရှာတွေ့ထားတဲ့ သီချင်းစာရင်းထဲ ရှိပေမယ့် ကျွန်မနဲ့ မရင်းနှီးတဲ့ သီချင်းတွေ။ ဥပမာ– ငြိမ်းချမ်းရေး ရေသဘင်၊ ကရဝိက်မြူးဇစ်၊ ကိုယ့်ချစ်သူ၊ ထီးကလေးလို သီချင်းတွေကို ကိုအောင်ကျော်ဆန်းက ပါးစပ်ဆိုင်းလေး တီး၊ ပေါင်လေး ပုတ် ပုတ်ပြီး ညည်းသံလေးနဲ့ ဆိုဆိုပြတာ။

ပြီးကျတော့ စာသားထဲ ဘယ်နေရာလေး ဘယ်လို အလင်္ကာမြောက်… ဘယ်လိုလှ၊ သံစဉ်လေးက ဘယ်နေရာလေး ဘယ်လိုဆန်း၊ ဘယ်လိုထူး… ဘယ်လို မြိုင်ဆိုင်။ ဆိုင်းဝိုင်းအဌေ့အသက် ဘယ်လိုထည့်ထားတာ၊ မြင်းခင်းတော်ဟာ ကိုအောင်ကျော်ဆန်း အကြိုက်ဆုံးသီချင်းထဲ ပါတယ်တဲ့။

မဟာဂီတကို မြို့မငြိမ်းက ကျွမ်းလွန်းလို့ သူ့သီချင်းတွေထဲ ဒီနေရာလေးမှာ ဒီလို ယူသုံး လိုက်တာ။ ကိုအောင်ကျော်ဆန်းဟာ တကယ့် ကို စိတ်ပါ လက်ပါ ပြောနေတတ်တာ၊ ကျွန်မမှာ သူ့ ဘေးနားထိုင်ပြီး စာအုပ်တစ်အုပ်နဲ့ Lecture လိုက်သလို လိုက်ခဲ့ရတာ တောင် ရှိရဲ့။ မြို့မငြိမ်း သီချင်းတွေ ကို လေ့လာဖို့ဆို အာဒိကပ္ပကျမ်း တို့၊ ရွှေဘုံနိဒါန်း တို့



m.gyoe.com

 mgyoe.com SAMPLE BOOK 

တောင် ဖတ်သင့်တယ်လို့ သူ ညွှန်လို့ ကျွန်မ တွေ့ခဲ့ရပြီး ကိုယ့်ကျမ်း နဲ့ ပတ်သက်ရင် ခေါင်းမော့မော့ ပြောနိုင်ခဲ့တာ။ ခုထိ မြို့မငြိမ်း သီချင်းသံ ကြားရင် ဦးဆုံးသတိရမိတာ ကိုအောင်ကျော်ဆန်းပေါ့။ ဒုတိယက ဗိုတိုး…။

ခင်မင်သူအများက ဗိုတိုးလို့ခေါ်တဲ့ ဆရာဦးအောင်ကျော်တိုး က စိတ်ပညာဌာနမှာ အဲ့ဒီတုန်းက ကထိက။ ကျွန်မ ကျမ်းရေးနေတုန်း စိတ်ဖိစီးလာတဲ့အခါ တောင်ငူကင်တင်းမှာ ဗိုတိုးနဲ့ထိုင်ပြီး လက်ဖက် ရည်သောက်ဖို့ အမြဲကြိုးစားပါတယ်။ ဗိုတိုးက စိတ်ပညာဆရာမို့လား မသိ၊ စိတ်ဖိစီးသမျှကို ပေါ့ပေါ့ပါးပါး ဖြစ်အောင် ပြောတတ်တယ်။ သူနဲ့တွေ့ရင် ရယ်နေရတာပဲ။ သူ့ဇနီးက စာရေးဆရာမ နုနုရည် (အင်းဝ) ဖြစ်လို့မို့လည်း ကျွန်မက ဗိုတိုးကိုဆို မောင်နှမသားချင်းလို ခံစားရတယ် ထင်ပါတယ်။ ဗိုတိုးကလည်း မြို့မငြိမ်းရေးရာ ကျွမ်းကျင် သူ တစ်ယောက်ပါပဲ။ ကျွမ်းဆို ဗိုတိုးကလည်း တေးဂီတအနုပညာ နဲ့ နီးသူကိုး…။ ရန်ကုန်တက္ကသိုလ် အပန်းဖြေခန်းမထဲက အနုပညာခန်း မှာ ဗိုတိုး ပတ္တလား တီးတီးနေတာ ကျွန်မတို့ မကြာခဏ မြင်ခဲ့ဖူး ပါတယ်။ ကျွန်မက ဗိုတိုးဆီကနေလည်း မြို့မငြိမ်းရဲ့ 'ကသစ်ပန်း'၊ 'ခင့်အိမ်မက်' နဲ့ 'နှစ်ယောက်တည်း' သီချင်းတွေအကြောင်း ရေးသမျှမှာ ဗိုတိုး ပြောပြတာတွေ အများကြီး ထည့်ရေးခဲ့ရပါတယ်။ ကျွန်မအတွက် ခက်လှတဲ့ မြင်းခင်းသဘင်၊ ရေခင်းသဘင် သီချင်း စာသား သုံးသပ်ချက် တွေကို ပေါ့ပေါ့ပါးပါးနဲ့ ရေးနိုင်ခဲ့တာလည်း ဗိုတိုးနဲ့ ကိုအောင်ကျော်ဆန်း တို့ကြောင့်ပါပဲ။

mgyoe.com

SAMPLE BOOK


ဗိုတိုးဆီကနေ လုံးချင်း ရေးချင်စရာ ဇာတ်လမ်းလေးတွေလည်း ရတတ်ပါသေး။ ကျွန်မရဲ့ ကောင်းကင်နိဒါန်းဝတ္ထုက ဗိုတိုးဆီက ရတဲ့ အကြောင်းအရာလေးတစ်ခုမှာ အစပျိုးခဲ့တာပါ။ ခု သကြၤန်နားနီးလာတော့ ဗိုတိုးကို အထူးသတိရတယ်။ ခုခါ သကြၤန်မှာ အင်မတန်လူကြိုက်များလှတဲ့ ဇာတ်မင်းသားလေး မောင်သိန်းဇော် ဆိုထားတဲ့ အိပ်မက်စေတမန် သီချင်းကို ကျွန်မ စကြားဖူးတာ ဗိုတိုးနဲ့ ကိုအောင်ကျော်ဆန်းဆီကပါ။ အဲဒီသီချင်းလေးနဲ့ ဇာတ်တည်ပြီး သူတို့ ဗီဒီယိုဇာတ်လမ်းလေးရိုက်ဖို့ ပြောဆိုနေကြရာက သူတို့နှစ်ယောက် ညည်းညည်းနေတတ်တဲ့ အိပ်မက်စေတမန်ဟာ ကျွန်မစိတ်ထဲ စွဲသွားခဲ့တာ။ စကားလုံးနဲ့ သံစဉ် ဖွဲ့စည်းထားပုံကိုက သကြၤန်အငွေ့အသက် သကြၤန်ရနံ့ပါလှချည့်လို့ ခံစားရတဲ့ တေးသီချင်းပဲလေ။

◆

အဲဒီတုန်းက ကျွန်မ သောက်ခဲ့တဲ့ လက်ဖက်ရည်တွေဟာ အမြဲလိုမေတ္တာတရားနဲ့သာ ယှဉ်ခဲ့တယ်။ မေတ္တာတရားနဲ့ယှဉ်သော လက်ဖက်ရည်ဝိုင်းတွေကိုပဲ ရွေးမိခဲ့တာလည်း ပါပါလိမ့်မယ်။ လက်ဖက်ရည်ဝိုင်းတွေမှာ အနည်းဆုံး စာရေးချင်စရာ လူ့စရိုက် သဘာဝကောင်းတွေရနိုင်မယ်၊ အများဆုံးဆိုရင် တန်ဖိုးမဖြတ်နိုင်စရာ အသိပညာတွေရတယ်။ တစ်ခါတလေ တကယ့်ကိုမှ ပေါ့ပေါ့ပါးပါး ဟာသတွေပြောကြ၊ အရည်မရ အဖတ်မရလို့ တချို့တွေ ပြောကောင်းပြောလိမ့်မယ်။

mgyue.com

ဒါပေမဲ့ ကျွန်မကတော့ စိတ်ကြည်လင် ပေါ့ပါးစရာတွေဟာ တန်ဖိုးမဖြတ်နိုင်တဲ့ 'အရ' တွေပဲလို့ ခံစားရတယ်။ အဲဒီလက်ဖက်ရည်ဝိုင်းတွေဆီကဖြတ်သွား ဖြတ်လာသမျှ အနုပညာနဲ့ ပတ်သက်သူတွေရော၊ အနုပညာကို ရေးရေးမျှ သိသူတွေရော၊ ဝိုင်းထဲက တစ်စုံတစ်ယောက်နဲ့ သိသူဖြစ်ဖြစ်၊ ဘယ်သူမဆို ခဏလေးဖြစ်ဖြစ် လာဝင်ထိုင်နိုင်တဲ့ စကားဝိုင်းလေးတွေဟာ ကျွန်မအတွက်ကတော့ အဓိပ္ပာယ် ရှိခဲ့တဲ့ 'အရ' တွေပါ။



◆

"ဟော… မေငြိမ်း၊ ခု ဘားအံမှာဆို…"

"ဟုတ်တယ်၊ အဲလိုပဲ ဘားအံ-ရန်ကုန် လွန်းထိုးနေရတာပဲ"

"ဒါနဲ့… မမိုချွှ လာသွားတာ တွေ့လား"

"တွေ့တယ်၊ တေးကဗျာဘက် ခဏသွားပြီး ပြန်လာမယ်တဲ့…၊ ဒီမှာပဲ စောင့်တဲ့"

mgyoe.com

SAMPLE BOOK

"ဒီနေ့ ချို့တူးဇော် လာမယ်ဗျ…၊ ကျွန်မနဲ့ ချိန်းထားတယ်"

"အတော်ပဲ… သူနဲ့ မတွေ့တာ ကြာပြီ၊ စောင့်လိုက်ဦးမယ်၊ ငါလည်း ဒီနေ့ ခိုင်အေး လာမယ်ဆိုလို့…"

"ဟယ်… ကိုခိုင်အေး ရောက်နေတာလား… ကျွန်မက သူ သင်္ဘောပေါ်မှာပဲ မှတ်လို့"

"မဟုတ်ဘူး… ပြန်ရောက်နေတယ်၊ ရွှေဘိုမှာ ရှိနေတာ၊ မနေ့က ရန်ကုန်ရောက်တယ်တဲ့"

"ပျော်စရာကြီး… ဒီလို တစ်ခါတစ်ခါ ကြုံဖို့ မလွယ်ဘူး။ ခဏနေရင် ခက်မာတို့အစ်မ မအိတို့လည်း လာမယ်ထင်တယ်။ စနေ ဆုံနေကျဆိုတော့…"

"ခုနတောင် ငှက်ကြီးနဲ့ ကြွက် ဖြတ်သွားသေးတယ်၊ ငှက်ကြီး အခွေ ဒီနေ့ဖြန့်လို့တဲ့"

"ဟုတ်လား… ထွက်ပြီလား၊ စံပယ်ဦးမှာ ဝင်ဝယ်သွားမယ်"

"တေးကဗျာကော ထွက်ပြီထင်တယ်… မမိုချော သွားတယ် ဆိုတော့"

"မဟေသီနဲ့ ရွှေအမြုတေတော့ ထွက်ပြီ၊ ရွှေမှာ ကျွန်မဝတ္ထု ပါတယ်"

"ဟိုမှာ ဟိုမှာ ကိုကိုနိုင် လာပါပြီ၊ မင်းသားစတိုင်နဲ့ဗျို့… ကိုဥာဏ်ဘွား မထိုင်တော့ဘူးလား"

"ထိုင်မှာ… ထိုင်မှာ…၊ မင်းသိုက်မွန်နဲ့ ချိန်းထားလို့ တွေ့မိသေးလား"

"မတွေ့သေးဘူး… ဒီမှာပဲ ထိုင်စောင့်ကြမယ်လေ"

mgyoe.com

"ဘယ်သူတွေနဲ့ ချိန်းထားသေးလဲ"

"မချိန်းပါဘူး အထူးတလည်… ဒီလိုပဲ တွေ့ကြမှာပေါ့ ရှိတဲ့သူတွေနဲ့…"

"အေးပေါ့…အေးပေါ့… အေးပေါ့"

♦

ခုတော့ အဲဒီ လက်ဖက်ရည်ဝိုင်းတွေမှာ အဲဒီအသံတွေ ဆိတ်ခဲ့ပြီ။

ဘယ်သူတွေ မရှိကြတော့တာလဲ…
ဘယ်သူတွေ မရောက်နိုင်ကြတော့တာလဲ…
ဘယ်သူတွေ မလာချင်ကြတော့တာလဲ…
ခရီးတွေ ဆုံးကုန်တာလား…
ခရီးတွေ ပြုန်းကုန်တာလား…
ခရီးတွေ မုန်းကုန်တာလား…
အဖြေမရှိတဲ့ မေးခွန်းတွေထဲ…
အရောင်မရှိတဲ့ အရိပ်တွေထဲ…

ရန့်မရှိတဲ့ ပန်းတောထဲ…
ဆိုက်ချိန်မသိတဲ့ ရထားထဲ…
တဝဲဝဲလည် နှစ်များစွာ…။
ဘာကိုများ အလိုရှိပါသလဲ…

mgyoe.com

SAMPLE BOOK

ဒါမှမဟုတ်
ဘာကိုများ အလိုရှိရမှာပါလဲ။
ဖြူစင်သော ချစ်ခြင်းများ…
လောဘမဲ့ တပ်ငြိခြင်းများ…
ငယ်စဉ်ဘဝက မေတ္တာတရားများ…
အစွန်းအထင်းမဲ့ စွဲလမ်းခြင်းများကိုသာ အဖန်ဖန် ပြန်လွမ်းဆွတ်ရဲ့။

ဟိုတုန်းက ဆင်းရဲပေမယ့် ပျော်ရွှင်ပေါ့ပါး၊ ကျပ်တည်းပေမယ့် တည်ငြိမ်လန်းဆန်းလို့ ကျွန်မတို့ လက်ဖက်ရည် အတူ သောက်ခဲ့ကြတယ်။

လမ်းဘေး ဒီထိုင်ခုံပုပုလေးတွေဟာ ချစ်စဖွယ် ဆုံမှတ်ဖြစ်ခဲ့တယ်။ ချစ်စရာ မလေ့လေးတစ်ခုလို ဆယ်စုနှစ် တစ်ခုစာလောက် တည်ခဲ့။ နောက်တော့ တစ်စစီ တစ်စစီ လွင့်ပါး… ဘယ်လိုကစ ကွဲပြားခဲ့တယ် မသိ။ ဒီလိုနဲ့ အလွမ်းတွေသာ ကျန်ခဲ့တာ…။

အငွေ့တလူလူ ရေနွေးအိုး မည်းညစ်ညစ်ကြီးနဲ့ ထိုင်ခုံပုလေးတွေ၊ စားပွဲယိုင်နဲ့နဲ့လေးတွေ ဒီနေရာမှာ အရင်ကအတိုင်း ရှိနေလည်း အရင်ကလို မဟုတ်တော့တဲ့ အရသာနဲ့…။ ဒီလက်ဖက်ရည်ဆိုင်တွေ… ကျွန်မတို့ရဲ့ လက်ဖက်ရည်ဆိုင်မှ မဟုတ်တာပဲလေ…။

◆ ◆ ◆

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

## ရွှေအိုရောင်အုတ်ကွက်တွေထဲမှာ ဒဏ်ရာ တစ်ပိုင်းတစ်စ ရှိတယ်

၁၉၈၀ ကနေ ၁၉၈၈ ထိ ကာလမှာ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားတွေအတွက် ရွှေရောင်ကာလလေးတစ်ခု ရှိခဲ့ဖူးပါတယ်။ ဒေသကောလိပ်တွေကို ကောလိပ်လို့ နာမည်ပြောင်းပြီး နောက်က နယ်မြေဆိုတာတွေ ဖြည့်လို့ ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ)၊ ရန်ကုန်တက္ကသိုလ် (ကြည့်မြင်တိုင်နယ်မြေ)၊ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) ရယ်လို့ ခေါ်ခဲ့ကြပါတယ်။ သင်ရိုးပုံစံတွေ၊ ဘာသာရပ်ပုံစံတွေလည်း ပြောင်းခဲ့ကြတာကတော့ ကျွန်မတစ်သက် အစမ်းသပ်ခံပညာရေးစနစ်ထဲမှာ မဆန်းတော့ပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK


အဲဒီတုန်းက အချိန်တွေကို ပြန်တွေးရင် ကျွန်မက မြို့ထဲ ပန်းဘဲတန်းမြို့နယ်မှာ နေတာမို့ ရန်ကုန်တက္ကသိုလ် (ကြည့်မြင်တိုင် နယ်မြေ) ကို သွားရပါတယ်။ ရန်ကုန်တက္ကသိုလ် (ကြည့်မြင်တိုင်နယ် မြေ) က အရင်တုန်းက အထက်တန်းကျောင်းကိုပဲ အဆောက်အအုံသစ် နည်းနည်း ထပ်တိုးချဲ့ပြီး ကောလိပ် လုပ်လိုက်တာမို့ ဆိုင်းဘုတ် ပြောင်းလို့သာ တက္ကသိုလ် ဖြစ်သွားပေမယ့် အငွေ့အသက်ကတော့ အထက်တန်းကျောင်း အငွေ့အသက်ပါပဲ။ ဒါပေမဲ့ ကျွန်မတို့ ပျော်ခဲ့ ကြပါတယ်။ ကိုယ့်ဘဝထဲ ကိုယ့်ဘာသာ တက္ကသိုလ်ဘဝကို လွတ်လွတ် လပ်လပ် ဖန်တီးလို့။ စာကူးစက်နဲ့ လှည့်ထုတ်တဲ့ လက်ရေးကဗျာ စာအုပ်လေးတွေ ထုတ်ကြ၊ ကျောင်းကပွဲတွေ၊ ပန်းချီ ပန်းပုပြပွဲတွေ၊ အားကစားပွဲတွေ ရှိခဲ့ပါတယ်။ ကျောင်းလေးက ကျဉ်းလို့ ဘောလုံးပွဲ တွေကျတော့ ကြည့်မြင်တိုင် အားကစားကွင်းကို သုံးခဲ့ကြရတယ်လို့ မှတ်မိပါတယ်။

အဲဒီကာလတွေတုန်းက စိတ်မကောင်းစရာတစ်ခုက နယ်မြေခွဲ တက္ကသိုလ် သုံးခုထဲမှာ အသေးဆုံးဖြစ်တဲ့ ရန်ကုန်တက္ကသိုလ် (ဗိုလ် တထောင်နယ်မြေ) က ကျောင်းသူ၊ ကျောင်းသားတွေကိုဆို တက္ကသိုလ် မဟုတ်သလိုလိုနဲ့ လှောင်သလို ပြောင်သလို ပြောချင်ကြတာပါပဲ။ ကြည့်မြင်တိုင်ကျောင်းကိုလည်း ပြောတော့ ပြောကြတာပါပဲ။ တော် သေးတာက ကြည့်မြင်တိုင်ကျောင်းက သိပ်မသေးလို့မို့။ လှိုင်ကတော့ ကျောင်းအသစ်လည်း ဖြစ်၊ နေရာကလည်း အများကြီးကျယ်လေတော့ တက္ကသိုလ်နဲ့ ပိုတူတယ်လို့ ခံစားကြရတာလေ။

mgyoe.com

ကျွန်မကိုယ်တိုင် အမေရိကန်ပြည်ရောက်မှ သိရတာက အမေရိကန်က တကယ့် နာမည်ကြီးပေ့ဆိုတဲ့ တက္ကသိုလ်တွေကလည်း မြို့ထဲ၊ လူနေရပ်ကွက်တွေထဲမှာပဲ ရှိတာပါပဲ။ သိပ်ကြီး ခမ်းနား ကျယ်ပြောနေတာလည်း မဟုတ်ပါဘူး။ အဓိကက သင်ကြားရေးစနစ်နဲ့ သင်ရိုးတွေ၊ ဘာသာရပ်တွေရဲ့ လွတ်လပ်ကြွယ်ဝမှုကသာ တက္ကသိုလ် ဆိုတဲ့ အမည်နာမကို ပြဋ္ဌာန်းတာပါလားလို့ အတွေးရစေခဲ့ပါတယ်။ ကျွန်မကတော့ အဲဒီ ကြည့်မြင်တိုင် တက္ကသိုလ်လေးမှာကတည်းက ကိုယ့်လွတ်လပ်မှုနဲ့ကိုယ် ပျော်နိုင်ခဲ့ပါတယ်။ စံကားဖြူတွေ၊ စံကားဝါ ပန်းတွေ အီနေအောင် မွှေးတဲ့ ပွင့်တဲ့ ကြည့်မြင်တိုင်တက္ကသိုလ်မှာ အင်းလျားကန် မရှိပေမယ့် ရေတမာပင်ပုလေးတွေနဲ့ ကုံကော်ပင်ပျို လေးတွေ ရှိသားလို့ ချစ်ခဲ့ရတာပါပဲ။ လှိုင်တက္ကသိုလ်မှာတော့ ကံကောင်း စွာ အင်းလျားလေးကန်နဲ့ ရေတမာပင်တွေရှိတော့ လှိုင်ကျောင်းသားတွေ မော်ကြွားကြသပေါ့။

ကျွန်မတို့တွေ ကျောင်းတက်တုန်းက တချို့ရက်တွေ အတန်း စောစောပြီးတယ်ဆိုရင်၊ ဒါမှမဟုတ် ရန်ကုန်တက္ကသိုလ် ပင်မထဲ ပွဲတွေ၊ အထိမ်းအမှတ်တွေ တစ်ခုခုရှိတယ်ဆိုရင် အဲဒီဘက်ကို ခြေ လှမ်း ပြင်ကြပါတယ်။ ကျွန်မတို့အခေါ် 'မိန်း' ပေါ့။ မိန်းထဲဟာ ကျွန်မတို့အတွက်တော့ တကယ့်အိပ်မက်ထဲက တက္ကသိုလ်ပေါ့။ ကျွန်မက ယောကျာ်းလေး သူငယ်ချင်း များတော့ သူတို့တွေက ကြည့်မြင်တိုင်ကနေ မိန်းထဲထိ လမ်းလျှောက်မယ်ဆိုလည်း ကျွန်မက တော့ လိုက်လျှောက်တာပဲ။ မိန်းထဲရောက်တာနဲ့ ဦးချစ်ဆိုင် ထိုင်တာ

mgyoe.com

mgyoe.com SAMPLE BOOK


ဟာ စိတ်ထဲတော့ ဦးတိုက်သလိုပါပဲ။ ဦးချစ်ဆိုင်ကို ချစ်ခဲ့ကြတာ။ ဦးချစ်ဆိုင်ရဲ့ ငှက်ပျောပင်အုပ်အုပ်တွေကို ချစ်ခဲ့ကြတာ။ နံရံမှာ ကပ်ထားတတ်တဲ့ သီချင်းခွေကြော်ငြာတွေကို ချစ်ခဲ့ကြတာ။ တက္ကသိုလ်ထွက်လက်ရေးကဗျာစာအုပ် ကြော်ငြာတွေကို ချစ်ခဲ့ကြတာ။ လက်ဖက်ရည်ပေါ့ဆိမ့်စစ်စစ်နဲ့ ဒန်ရေနွေးကြမ်းအိုးလေးတွေ၊ စဉ့်ရောင်ရေနွေးကြမ်းခွက်လေးတွေကို ချစ်ခဲ့ကြတာ။ ဘယ်လောက် ဖြူစင်လှပလိုက်သလဲ။ အဲလိုကျောင်းသားဘဝမှာတော့ အမှားတွေကတောင် လှပခဲ့၊ ငယ်တဲ့နုတဲ့ သစ်တဲ့ အရွယ်··· အရာရာဟာ အချစ်ပဲ။ အချစ်ကြောင့် အသည်းကွဲတာကတောင် ခံစားလို့ မြိန်တဲ့ အရွယ်။

◆

ဒီလိုပဲ မလှမ်းမကမ်းက ပင်မတက္ကသိုလ်ကြီးဆီကို ပြေးပြေးလွှမ်းကြတာမှာ နယ်မြေတက္ကသိုလ် သုံးခုလုံးက ကျောင်းသားတွေ ပါပါလိမ့်မယ်။ ကျွန်မကတော့ ကြည့်မြင်တိုင်တက္ကသိုလ်ကနေ မိန်းထဲ လာရင်အဲဒီကနေ ဘယ်မှ မထွက်ချင်တော့တာမို့ မိန်းကို ကျော်ပြီး သွားရတဲ့ လှိုင်တက္ကသိုလ်ကို ဘယ်သူတွေ ဘယ်လောက်သွားသွား ကျွန်မက ခြေဦးတောင် မလှည့်ဖြစ်ခဲ့ပါဘူး။ ဒါကြောင့် လှိုင်ကျောင်းရဲ့ချစ်စရာကောင်းမှုကို အဲဒီတုန်းက ကျွန်မ မသိခဲ့ပါဘူး။ လှိုင်ကိုစ,ပတ်သက်ရတော့ ၁၉၈၆။ ကျွန်မ တက္ကသိုလ်ဆရာမအဖြစ်···။ ခက်တာက လှိုင်နယ်မြေရဲ့ ဖမ်းစားမှုမှာ အသက် ၂၁ နှစ် အရွယ်

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်မက မရင့်ရော်ချင်ခဲ့။ မကြာသေးခင်နှစ်များက ကျောင်းသူလေးလိုပဲ လှိုင်ရဲ့ ရွှေအိုရောင် အုတ်ကွက်တွေဆီမှာ ရင်ခုန်ချင်နေသေးတာ။ ကျောင်းဝင်းအဝင် ကျောင်းကွေ့မှတ်တိုင်နံဘေးက အင်းလျားလေးကန်စပ်မှာ ထိုင်ရင်း ကဗျာစပ်ချင်သေးတာ။

လှိုင်ကျောင်းဆောင်တွေရဲ့ ဝှက်ထားတဲ့ လှေကား အချိုးအကွေ့လေးတွေရဲ့ အိပ်မက်ဆန်ပုံကိုလည်း ချစ်၊ ကော်ရစ်ဒါထောင့်ချိုးလေးတွေမှာ သူတို့ ချစ်သူလေးတွေကို ရပ်စောင့်နေတုန်း ဆရာမတွေ လျှောက်လာတာ မြင်တဲ့အခါ မလုံမလဲ ပြုံးတတ်တဲ့ ကောင်လေးတွေ၊ ကောင်မလေးတွေရဲ့ ရှက်စနိုးလေးတွေကိုလည်း ချစ်၊ တချို့ကျောင်းသားတွေက ဆရာမ ငယ်ငယ်လေးတွေ ဖြတ်သွားတဲ့အခါ 'ဆရာမကိုပဲ…' လို့ သီချင်းတစ်ပိုင်းတစ်စကို အသံနေ အသံထားနဲ့ စပြီးမှ ဆုံးအောင် ဆက်မဆိုဘဲ ပြေးကြတာကိုလည်း လူငယ်လေးတွေက မရိုင်းရက်ကြဘူးရယ်လို့ ချစ်ရပါတယ်။



ဆရာမငယ်ငယ်၊ ဆရာငယ်ငယ်လေးတွေ ဆရာဟန် ပေါက်အောင်

mgyoe.com

mgyoe.com SAMPLE BOOK

ဏ္ဍမြွေ တစ်ခွဲသားနဲ့ နေရင်း သူတို့ချင်းဆို လူငယ်လေးတွေအဖြစ် ရယ်မောစနောက်နေကြတာကိုလည်း ချစ်၊ သီရေတာအဆောင်တွေထဲ ဗရုတ်ကျတဲ့ကျောင်းသား တွေကိုတောင် ကျွန်မက ချစ်တတ်သေးတာပါ။ ပြုံးပျော်နေတဲ့ လူငယ်လေးတွေကိုသာ အတွေ့များတဲ့ မြေ။ ပင်မ တက္ကသိုလ်လိုပဲ ကျောင်းပေါင်းစုံက ကျောင်းချစ်တတ်သူတွေ လာစု ဆုံရာ ချစ်သူ့နယ်မြေ။ ဒါကြောင့်ပဲ လှိုင်ဟာ အတော် ချစ်စရာကောင်း တာပဲလို့ ကျွန်မ တဖွဖွ ပြောမိခဲ့တာ။

အဲဒီ လှိုင်ရဲ့ ရင်ခွင်မှာ ပျော်ရလေတော့ ကဗျာတွေ ရေးဖြစ် တာမှာတောင် တစ်ပုဒ်က 'အိပ်မက်ပျော်' တဲ့။

အိပ်မက်ပျော်
ရင်တစ်ခုန်
အပြုံးတစ်ချက်
ထွက်သက် ဝင်သက်နဲ့ငြိ
ပီဘိပီတိ...။

အောင်မြင်ခြင်း
ပန်းခင်းများ
တေးသီချင်းနဲ့အတူ
လိပ်ပြာလူတွေ
သာယာတဲ့ သက်တံထဲ
ပျော်စရာတွေနဲ့နေ...။

mgyoe.com

ကမ္ဘာ
လှပစွာ
ပန်းတွေပွင့်
နေခြည်သာ
စမ်းရေစီး
ဂီတာတီးလို့လည်း ကောင်း...။
စုတ်တစ်ချက်
အရောင်လွင်
နုနွဲ့ပြောက်မွမ်း
တောက်ရှန်းတဲ့ ရောင်စဉ်တွေ ဖန်တီး
ရှုမငြီးနိုင်...။

ချစ်သူ
မငြူစူ
ဖြူစင်ပြုံး
အမုန်းဆိုတာ မသိ
ရင်ထဲငြိစရာ အသံချိုနဲ့...။

♦

အဲလိုအိပ်မက်မှာတောင် ပျော်ရဖူးတဲ့ လှိုင်မှာ ကျွန်မ မပျော်စရာ ဘဝတစ်ခု ရခဲ့ဖူးတယ်။ စာရေးဆရာဘဝ တစ်ဖက်၊ ဂုဏ်ထူးတန်း ကျောင်းသူဘဝ တစ်ဖက်၊ ကျောင်းဆရာမဘဝ တစ်ဖက်မှာ မပျော်တဲ့

mgyoe.com

mgyoe.com SAMPLE BOOK


ဘဝတစ်ခုနဲ့အတူ ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲနဲ့ လှိုင်ရဲ့မြေကို နင်းရင်း အသုံးချဖူးတယ်။ ကျောက်ခေတ်ဆိုတဲ့ အအေးဆိုင်လေး လှိုင်ကျောင်းရဲ့ စားသောက်တန်းမှာ ဖွင့်တော့တောင် စိတ်ကူး အယဉ်ယဉ်နဲ့ပေမယ့် ကျောက်ခေတ်ဟာ ကျောက်သားလို မခိုင်မာနိုင်ခဲ့ဘဲ အပိုင်းပိုင်းအစစ ကွဲခဲ့တယ်။ လှိုင်နယ်မြေကို အရည်အသွေး တောက်ပတဲ့ ပညာတတ်တွေနဲ့ ပိုလှအောင် ဆင်သဖို့ ဆိုတာထက် ကိုယ့်အကျိုးအတွက်သာ သုံးခဲ့တဲ့ ဆရာမတစ်ယောက်ဟာ ကိုယ် ပျိုးထောင်ခဲ့တဲ့ ပန်းတွေကို ကိုယ်ပဲ ချိုးဖြတ် ရောင်းချခဲ့… ကိုယ်တိုင်ပဲ အလှထိုးပန်းအိုးထဲ ထိုးစိုက်ပြီး ရိုရွဲပုပ်ပွစေခဲ့တဲ့ ဥယျာဉ်မှူးလိုပဲ မဟုတ်ဘူးလား။

၁၉၈၈ ရဲ့ နောက်ပိုင်းမှာ လှပတဲ့ လှိုင်နယ်မြေရဲ့ ဖြူစင်လင်းပွင့်အလှကို ကျွန်မ မထိန်းသိမ်းနိုင်ခဲ့ဘူး။ လှိုင်နယ်မြေရဲ့ နုသစ်တက်ကြွတဲ့ ရှင်သန်မှုကို ကျွန်မ မပျိုးထောင်နိုင်ခဲ့ဘူး။ လှိုင်နယ်မြေရဲ့ တစ်စထက်တစ်စ မွန်းကျပ်လာနေမှုကို ကျွန်မ မပေါ့ပါး စေနိုင်ခဲ့ဘူး။ ပြီးတော့ သူ့ကိုပါ ရောထွေးစိတ်နာလို့တဲ့ သူနဲ့ အဝေးကြီးကို ပြေးခဲ့လေတယ်။ ၁၉၉၅…။

◆

၂၀၁၆ မှာတော့ သက်ကြီးရွယ်ကျ ဆရာမဟောင်းတစ်ယောက်ဟာ သက်ကြီးယိုယွင်းနေတဲ့ လှိုင်တက္ကသိုလ်နားမှာ ဖြတ်သွားဖြတ်လာခွင့်ရခဲ့တယ်။ သူထားခဲ့တဲ့ နောက်ပိုင်း တစ်ချက်တလေတောင် ပြန်စောင်း

mgyoe.com